**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၂၀)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်**

**(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

**[ ဗုဒ္ဓဟူးနေ့ ]**

၁။ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

၂။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၀၉)ဦး ရှိပြီး (၂၀၂)ဦး တက်ရောက်သည့်အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါသည်။

**ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ခြင်း**

၃။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၀၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိသည့်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၄။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ ပါသည် -

(က) ဦးသိန်းမြင့်၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ၏ **မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်ချိန်တွင် လမ်းရေကျော်မှုများ နှစ်စဉ်ဖြစ်ပေါ်**

**လျက်ရှိသည့် မော်လမြိုင်(ဟသ်ာအဝိုင်း) - ကျိုက်မရောလမ်းနှင့် ကျိုက်မရော - ကျွန်းရွာလမ်းများအား လမ်းအဆင့် ပြန်လည်မြှင့်တင်ပေးနိုင်ပါရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အရှည် (၁)ဖာလုံ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ယခုအခါ ရေကျော်ခြင်းမရှိသည်ကို တွေ့ရှိရပါသဖြင့် ထပ်မံဆောင်ရွက်ရန် မလိုအပ်သေးပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားပါသည်။

(ခ) ဒေါ်မာလာဆန်း၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) ၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်နှင့် တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ချင်းဆက် မိုင်(၃၀)လမ်းအား အကျယ်(၁၂)ပေလမ်းမှ အကျယ်(၁၈)ပေ နိုင်လွန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က ပင်းတယမြို့မှ ရပ်စောက်မြို့အထိ လမ်းပိုင်းအား ကတ္တရာကွန်ကရစ် (AC)လမ်းအဖြစ် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားပါသည်။

( ဂ ) ဦးဇော်မြင့်၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ၏ **မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသော အတ္ထရံတံတား (ချောင်းနှစ်ခွ)အား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က တံတားဖျက်သိမ်းခြင်းလုပ်ငန်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေနည်းချိန်ကာလ ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းပြီး ပွင့်လင်းရာသီတွင် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေး

နှစ်တွင် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

(ဃ) ဦးဉာဏ်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မောင်းလော်ကျေးရွာ အုပ်စုနှင့် မင်းဂုတ်ကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တို့တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်း၏ လမ်းအပိုင်း(၁)နှင့် (၂) အမာခံလမ်းနှင့် မြေသားလမ်းများအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် လမ်းအပိုင်း(၃) မင်းဂုတ်(အပေါ်)ရွာနှင့် တောင်ဘက်လမ်းပိုင်းအား လမ်းလွှဲပြောင်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားပါသည်။

( င ) ဦးရန်နိုင်ဝင်း၊ ရေဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ၏ **ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်အတွင်းရှိ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသော ခရိုင်ချင်းဆက်လမ်းမကြီး(၃)ပိုင်းအား ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ထည့်သွင်း၍ အမြန်ဆုံး အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က အဆိုပါလမ်းပိုင်း(၃)ပိုင်း၏ ကျန်ရှိနေသော လမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား နှစ်အလိုက် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားပါသည်။

( စ ) ဦးမြင့်သိန်း၊ ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ၏ **ကယားပြည်နယ်၊ လွိုင်ကော်၊ ပင်လောင်း၊ အောင်ပန်းလမ်းခွဲအထိ ရိုးရိုးကတ္တရာလမ်းမကြီးအား (၁၈)ပေအကျယ် နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် လျာထားပြီးသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် လျာထားသည့်အတိုင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားပါသည်။

**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခွင့်ပြုရန်နှင့် အသင်းတွင် ပါဝင်မည့်အဖွဲ့ဝင်တို့၏ အမည်စာရင်းတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

၅။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တင်ပြချက်အရ မြန်မာ - ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာပါသည်။

၆။ မြန်မာ - ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေ ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင် ကလည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြပါသည်။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ - ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဖွဲ့စည်းခြင်းနှင့် အသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူရာ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါသည်။

**ဥပဒေကြမ်းတင်သွင်းခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးခင်ဇော် က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ဒိုက်မန် (ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်) က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဥပဒေကြမ်းတင်သွင်းခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးအောင်မြင့်လွင် က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း (ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်) က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၁၀။ အစည်းအဝေးကို ၁၁:၄၂ နာရီ အချိန်တွင် ရပ်နားပြီး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်(သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**